Republic of the Union of Myanmar

Ministry of Foreign Affairs

Press Release

27 November 2019

1. Gambia, on behalf of the Organization of Islamic Cooperation (OIC), has filed an application against Myanmar at the International Court of Justice (ICJ). Under the Charter of the United Nations, all member states of the United Nations, including Myanmar, are bound by the Statute of the ICJ. This is an issue of high national interest affecting all nationals of Myanmar. The State Counsellor, in her capacity as Union Minister for Foreign Affairs, will lead the legal team to contest the case brought by Gambia to the ICJ.

2. The crime of 'Genocide' refers to acts committed with the intent to destroy, in whole or in part, a national or racial group. It is an issue that concerns all civilized nations and peoples. Myanmar was the 42nd member state to sign the Convention for the Prevention and Punishment of the Crime of Genocide ('Genocide Convention') on 30th December 1949. Myanmar became a State Party to the Genocide Convention on 14th March 1956. In the process of seeking Parliament's approval on 2nd September 1955, the Minister concerned declared to the Parliament, "I can state with full confidence that today Myanmar has not engaged in any act to destroy, in whole or in part, a national, racial or religious group or any other group. This has not happened today and it will not happen in the future". Today, Myanmar is as resolute as we were when we ratified the Convention for the Prevention and Punishment of the Crime of Genocide.

MOFA | MMRS v1.0.0 | Printed By : ON 28/11/2019 15:47:26

3. It is heartening to see that people from all walks of life, those in the Union as well as those living abroad at present, are expressing their strong support for the State Counsellor and her leadership in the endeavours to contest the case at the ICJ. The issue before the ICJ is of national concern and affects the interests of all our people. Their support sustains us and their unity is the strength of the nation. The Government will not cast aspersions on any nation, race, religion, or group, either directly or indirectly, as we defend our nation at the ICJ.

Nay Pyi Taw
27 November 2019

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## သတင်းထုတ်ပြန်ချက်

(၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

၁။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့်စပ်လျဉ်း၍ ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC)ကိုယ်စား မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုခဲ့ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်ဖြစ်ပါသည်။ ဤကိစ္စသည် နိုင်ငံ၏အကျိုးစီးပွား၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားဖြစ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ လူမျိုးပြုန်းတီးစေမှု(Genocide)ဆိုသည်မှာ လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူစုတစ်စုကိုဖြစ်စေ၊ သတ်ဖြတ်ခြင်း၊ ပြုန်းတီးခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ ဤကိစ္စသည် ယဉ်ကျေးသည့် ကမ္ဘာသူ၊ ကမ္ဘာသား လူသားစုတစ်ရပ်လုံးက တားဆီးကာကွယ်ရမည့်ကိစ္စဖြစ်၍ အလေးထားဆောင်ရွက်ခဲ့ရာ စတင်လက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့နိုင်ငံများတွင် မြန်မာနိုင်ငံသည် (၄၂)နိုင်ငံမြောက်နိုင်ငံဖြစ်ပါသည်။ **“လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံပေါင်းစုံသဘောတူစာချုပ်(Convention for the Prevention and Punishment of the Crime of Genocide)”**ကို မြန်မာနိုင်ငံက ၃၀-၁၂-၁၉၄၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၄-၃-၁၉၅၆ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပါသည်။ အဆိုပါသဘောတူ

MOFA | MMRS v1.0.0 | Printed By : ON 28/11/2019 15:47:26

စာချုပ်ကို လက်ခံအတည်ပြုရန် ၂-၉-၁၉၅၅ ရက်နေ့တွင် သက်ဆိုင်ရာဝန်ကြီးက ပါလီမန်သို့တင်ပြခဲ့စဉ်ကလည်း **"မြန်မာနိုင်ငံအနေဖြင့် ယနေ့အထိ ရဲရဲတင်းတင်းပြောရဲကြောင်း၊ လူတစ်စုနှင့်တစ်စုဖြစ်စေ၊ ဘာသာတစ်ခုနှင့်တစ်ခု ကိုးကွယ်သည့်လူမျိုးအလိုက်ဖြစ်စေ၊ လူတစ်စုအလိုက်ဖြစ်စေ ယနေ့အထိ ဤကိစ္စမျိုးမပေါ်သေးဖူးကြောင်း၊ နောင်ကိုလည်းပေါ်စရာအကြောင်းမရှိကြောင်း"** ရှင်းလင်းတင်ပြခဲ့ပြီး ပါလီမန်၏အတည်ပြုချက်ကိုရယူခဲ့ပါသည်။ ယနေ့ကာလအထိလည်း မြန်မာနိုင်ငံအနေဖြင့် **"လူမျိုးပြုန်းတီးစေမှုကိုတားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံပေါင်းစုံသဘောတူစာချုပ်"**အား လက်ခံအတည်ပြုစဉ်က ရပ်တည်ချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

၃။ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်ကာ စနစ်တကျပြင်ဆင်ဆောင်ရွက်နေမှုအပေါ် နိုင်ငံတစ်ဝှမ်းရှိ လူထုလူတန်းစားအသီးသီးက ထောက်ခံမှုများပြသလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဤကိစ္စသည် နိုင်ငံ့အရေးကိစ္စ၊ နိုင်ငံ့အကျိုးစီးပွားကိစ္စဖြစ်၍ **"အရေးကြီးပြီသွေးစည်းကြစို့"** ဆိုသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံး၏စည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် ကြီးမားလှသော အင်အားကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ယခုအမှုကိုရင်ဆိုင်ရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးကိုဖြစ်စေ၊ မည်သည့်ဘာသာကိုဖြစ်စေ၊ မည်သည့်လူအစုအဖွဲ့ကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်း၊ အလျဉ်းမပြုလုပ်ဘဲ ဤပကတိအရှိတရားနှင့် သန္နိဋ္ဌာန်ကို ကမ္ဘာက သိရှိနားလည်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

*****